# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 14, 2020 Volume 27, Number 8


**၁၄.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၃၈/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၈၈/- ကျပ် |
| CBM Rate | = ၁၄၈၂.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၅၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၂.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၉၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## တရုတ်သမ္မတခရီးစဉ်တွင် နယ်စပ်ကုန်သွယ်ရေးကဏ္ဍ၌ အကန့်အသတ်ဖြင့် တင်ပို့နေသည့်ပို့ကုန်များ တရားဝင်ဖြစ်ရန်မျှော်လင့်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတမြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးစဉ်၌ တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် လက်ရှိအချိန်၌ အကန့်အသတ်ရှိနေသော ပို့ကုန်များကို ဖြေလျှော့မှုများဖြင့် တရားဝင်ရောင်းဝယ်မှု ဖြစ်ပေါ်လာရေးမျှော်လင့်ကြောင်း မြန်မာနိုင်ငံ ကြံ၊ သကြားလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။ တရုတ်သမ္မတသည် ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်တာလာရောက်မည်ဖြစ်၍ ခရီးစဉ်၌ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးစသည်တို့တွင် MoU လက်မှတ်များရေးထိုးမည်ဖြစ်ရာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍလည်း ပါဝင်မည်ဟုဆိုသည်။ "မူဆယ်နယ်စပ်ကုန်သွယ်ရေးအပိုင်းလည်းပါတာကြောင့် အများကြီးမျှော်လင့်တယ်။ နယ်စပ်ကုန်သွယ်ရေးမှာ ကိုယ်တွေဘက်ကပို့နေတဲ့ ပို့ကုန်တွေက လက်ရှိအကန့်အသတ်နဲ့ သွားတာတွေ၊ တရားမဝင် သွားနေတာတွေရှိနေတယ်။ ဒါတွေကို ဖြေလျှော့လိုက်ရင် တရားဝင် ရောင်းနိုင်၊ ဝယ်နိုင်မယ်။ ဥပမာ-ပြောင်း၊ ဆန်၊ သကြားတို့က ကိုတာစနစ်နဲ့ သွားနေရတယ်"ဟု ၎င်းကပြောသည်။

တရုတ်နိုင်ငံမှ ပြည်တွင်းသို့ လူသုံးကုန်၊ ဆောက်လုပ်ရေးပစ္စည်းနှင့် စက်ပစ္စည်းအများဆုံးတင်သွင်းနေရပြီး ပို့ကုန်ကဏ္ဍတွင်မူ ကိုတာစနစ်ဖြစ်နေ၍ Fair Trade ဖြစ်ရန်လိုကြောင်း၊ တရားဝင်လမ်းကြောင်းဖွင့်ပေးပါက နိုင်ငံအတွက် ပိုပြီးအကျိုးရှိမည်ဖြစ်၍ ပိုးမွှားကင်းစင်ထောက်ခံချက် GAP စနစ် စိုက်ပျိုးထုတ်လုပ်မှု၊ ပိုးသတ်ဆေးနှင့် ဓာတ်ကြွင်း နည်းအောင်ပြုလုပ်သည့် ပို့ကုန်အရည်အသွေးနှင့်စံသတ်မှတ်ချက်များ ကိုက်ညီရေး ပြင်ဆင်ထားရန်လိုကြောင်းသိရသည်။ "ပို့ကုန်ပြုပြင်ထုပ်ပိုးမှုစနစ်တွေလိုတယ်။ ဒါမှလည်း ပမာဏများများပို့နိုင်မယ်။ ကြိတ်ခွဲစနစ်မှာ အရည်အသွေးမီအောင် ကိုယ့်ဘက်က ပြင်ဆင်ထားကြဖို့လိုတယ်။ လက်ရှိ တရုတ်နယ်စပ်ကုန်သွယ်

ရောင်းဝယ်မှုမှာ အခက်အခဲတွေအများကြီးရှိတယ်။ တရားမဝင်သွားနေရတဲ့ပို့ကုန်မှာ ကျွန်တော်တို့ကြုံရတဲ့ အခက်အခဲက ပေါက်ဈေးမရဘူး"ဟု ၎င်းကဆက်လက်ပြောသည်။

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်း (မူဆယ်) တွင် ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုပမာဏများမှာ ၂၀၁၇-၂၀၁၈ တွင် ပို့ကုန် (အမေရိကန်ဒေါ်လာ) ၄၁၃၈ ဒသမ ၁၃၅၊ သွင်းကုန် ၁၇၀၃ ဒသမ ၇၄၄ (ပေါင်း ၅၈၄၁ ဒသမ ၈၇၉)၊ ၂၀၁၈ မီနီဘတ်ဂျက်တွင် ပို့ကုန် ၂၁၆၄ ဒသမ၂၉၄၊ သွင်းကုန် ၈၃၁ ဒသမ ၁၀၇ (ပေါင်း ၂၉၉၅ ဒသမ ၄၀၁)၊ ၂၀၁၈-၂၀၁၉ တွင် ပို့ကုန် ၃၁၃၇ ဒသမ ၆၀၀၊ သွင်းကုန် ၁၇၆၁ ဒသမ ၃၇၇ (ပေါင်း ၄၈၉၈ ဒသမ ၉၇၇)နှင့် ၂၀၂၀ အောက်တိုဘာလအထိ ပို့ကုန် ၂၆၃ ဒသမ ၄၁၂၊ သွင်းကုန် ၁၄၅ ဒသမ ၃၈၈ (ပေါင်း ၄၀၈ ဒသမ ၈၀၀) ရှိခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/133736.html

## ပြည်တွင်းဈေး အမြင့်ဆုံးသို့ရောက်လာသော စားအုန်းဆီ




၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း စားအုန်းဆီဈေးနှုန်းသည် ပြည်ပဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းဈေးပါမြင့်တက်လာသည်။ ယခုရက်ပိုင်း လက်လီဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာ ကျပ် ၂၄၀၀ နှုန်းဖြင့် ရောင်းချမှုရှိသည်ဟုကမာရွတ်လှည်းတန်းနေ မိတ္တူဆိုင်ဝန်ထမ်းတစ်ဦးက ပြောဆိုလာပါသည်။ ကြက်သွန်နီဈေး စံချိန်တင်မြင့်တက်ပြီး ပြန်လည်၍ အနည်းငယ်ဈေးကျလာသော်လည်း စားအုန်းဆီဈေးမှာ စံချိန်တင်မြင့်တက်လာပြန်၍ ဆီသတ်၊ အကြော်အလှော်မပြုလုပ်နိုင်ဘဲ ရေလုံပြုတ်စားနေရသည်ဟုပြောလာသည်။ မိမိအလုပ်လုပ်သော မိတ္တူဆိုင်တွင် လာရောက်မိတ္တူကူးသော သတင်းစာ၊ ဂျာနယ်များမှ ကြက်သွန်ဈေး တက်သည့်သတင်းများ နှစ်လတာဖတ်ရပြီး စားအုန်းဆီဈေးတက်ခြင်းကို ထပ်မံကြုံတွေ့ရသည်ဟု ပြောပါသည်။ ဆန်အိတ်ဈေးနှုန်းနှင့် တစ်ပြည်ဈေးနှုန်း ကွာခြားသကဲ့သို့ စားအုန်းဆီတွင်လည်း လက်ကား၊ လက်လီဈေးကွာခြားမှုများပြားနေခြင်း ဖြစ်သည်။ ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်၊ လုပ်ငန်းသုံးစားသုံးဆီလိုအပ်ချက်မှာတစ်နှစ်လျှင် တန်ချိန်တစ်သန်းဝန်းကျင် ရှိလာသည်။ ပြည်တွင်းထွက် မြေပဲဆီ၊ နှမ်းဆီ၊နေကြာဆီ စသည့် စားသုံးဆီထွက်ရှိမှုမှာတစ်နှစ်လျှင် တန်ချိန်လေးသိန်းဝန်းကျင်သာ ရှိသဖြင့် ပြည်ပမှ နှစ်စဉ် ယခုနှစ်ပိုင်းများတွင် စားအုန်းဆီတန်ချိန် ခြောက်သိန်းဝန်းကျင် တင်သွင်းနေရသည်ဟု ဆီဈေးကွက်မှ သိရသည်။

ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာရာတစ်ပိဿာ ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းမှာ ၁၉၆၈ ကျပ် ဝန်းကျင်ရှိလာသည်။ ရန်ကုန်ဆီဈေးကွက်အတွင်း ဆီထုတ်ယူခွင့်စာရွက် D.O လက်ကား တစ်ပိဿာရောင်းဈေးမှာ အရင်းဈေးနှုန်းထက် နည်းနေဆဲရှိသည်။ ဒီဇင်ဘာလ ၂၃ ရက် ပြည်ပစားအုန်းဆီ FOB တစ်တန် ၇၁၇ဒေါ်လာ၊ ပြည်ပ ပို့ကုန်ရငွေလဲနှုန်း ၁၄၉၈ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၉၆၈ ကျပ်၊ D.O စာရွက်လက်ကား တစ်ပိဿာ ရောင်းဈေး ကျပ် ၁၉၄၀ ဟု သိရသည်။ ပြည်ပက စားအုန်းဆီတင်သွင်းရာ တွင်ကန်ဆီ (In Bulk) နှင့်အသင့်ထုပ်ပိုးပြီးဆီ (Consumer Pack) ဟူ၍ နှစ်မျိုးခွဲခြား တင်သွင်းလာသည်။ ကန်ဆီပြည်ပဈေးနှုန်း တစ်တန်လျှင် ၇၁၇ ဒေါ်လာနှုန်း ဒီဇင်ဘာ ၂၃ ရက်တွင်ရှိစဉ်ထုပ်ပိုးပြီး ဆီတစ်တန်လျှင် ၈၆၇ ဒေါ်လာနှုန်းရှိသည်ဟု သိရသည်။ ပြည်တွင်းသို့ ပြည်ပက စားအုန်းဆီများ တင်သွင်းလာသည်မှာ ဆယ်စုနှစ် နှစ်ခု (နှစ် ၂၀) ဝန်းကျင်ရှိလာသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင် ပြည်ပမှ ပီပါများဖြင့် ထည့်သွင်းလာသော စားအုန်းဆီများတင်သွင်းလာရာ ပြည်တွင်းဆီစက်များတွင် ၎င်းဆီပီပါ အမြောက်အမြားထားရှိကာ ပဲဆီများအတွင်း ရောနှောရောင်းချမှုရှိခဲ့သည်။ ပီပါဆီများသည် ဆီအရည်အသွေး ကောင်းမွန်သည့် အတွက် ပဲဆီများအတွင်း ရောနှောရာတွင် အဆင်ပြေခဲ့သည်။၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပီပါဆီများအစား ပြည်ပက ဆီများကို သင်္ဘောများ အတွင်း ဝမ်းလောင်းထည့်သွင်း တင်သွင်းလာသည်။ ရန်ကုန်ဆိပ်ကမ်းတွင် ဆီသိုလှောင်ကန်များထားရှိရာ ဆီသင်္ဘောများမှ စားအုန်းဆီများကို ၎င်းသိုလှောင်ရုံများအတွင်းထည့်သွင်းကာ ပြည်တွင်းဖြန့်ဖြူးရောင်းချခဲ့သည်။

ပြည်ပက စားအုန်းဆီတင်သွင်းမှုအပေါ် ကန့်သတ်ထားသကဲ့သို့ ပြန်လည်ရောင်းချရာတွင်လည်း လွတ်လပ်စွာ

ရောင်းချခြင်းအစား ဆီဖြန့်ဖြူးရောင်းချသည့် ကိုယ်စားလှယ်ဦးရေ ထောင်ဂဏန်းဝန်းကျင်ထားရှိကာ ခွဲတမ်းဖြင့် ရောင်းချခဲ့သည်။ သို့ဖြစ်ရာ ၎င်းကာလ ဖြန့်ဖြူးရေး ဆီကိုယ်စားလှယ်အဖြစ်ရရှိသူများ အကျိုးအမြတ်များစွာရရှိခဲ့ပြီး ပြင်ပဆီဈေးကွက်တွင် ခွဲတမ်းအရ ရောင်းဈေးနှင့် ပြင်ပဈေးနှစ်မျိုးဖြစ်ပေါ်လာသည်။ ၎င်းဈေးနှုန်းနှစ်မျိုးကွာဟမှုမှာ များပြား ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ မေလဆန်းတွင် ပြည်ပမှ စားအုန်းဆီတင်သွင်းခွင့်ကို ပြည်ပပို့ကုန်ရငွေရှိသူတိုင်း လွတ်လပ်စွာ တင်သွင်းခွင့်ပြုခဲ့သည့်နောက်ပိုင်း ပြည်တွင်း စားအုန်းဆီဈေးကွက်တွင် ပြည်ပဈေးနှုန်းနှင့်ကွာဟမှုနည်းသောရောင်းဈေးနှုန်း များကို စားသုံးသူများရရှိခဲ့သည်။ ယခုနှစ်ပိုင်းများတွင် စားအုန်းဆီတွင် မြေပဲစိမ်းအနံ့၊ မြေပဲကျက်အနံ့များထည့်သွင်းကာ မြေပဲဆီဟုဈေးကွက်တွင် သက်သာသောဈေးနှုန်းဖြင့် ရောင်းချနေသည်။ ယခင်လပိုင်းများတွင် စားအုန်းဆီတစ်ပိဿာ ကျပ် ၁၅၀၀ ဝန်းကျင်ရှိချိန် အနံ့တန်ဖိုး ကျပ် ၁၀၀ ထည့်သွင်းပါက အသွင်ယူ မြေပဲဆီအဖြစ် တစ်ပိဿာ ကျပ် ၂၅၀၀ ဖြင့် ဈေးကွက်အချို့တွင် ရောင်းချနေသည်။

စားသုံးသူများအနေဖြင့် အနံ့သွင်းမြေပဲဆီ၊ အသွင်ယူစားအုန်းဆီကို ဈေးနှုန်းပိုပေးဝယ်ယူသုံးစွဲနေရသည်။ ထို့ပြင် အကြော်လုပ်ငန်းအချို့တွင် သုံးစွဲပြီးစားအုန်းဆီများ၊ ပြောင်းဆီများပါ ယခုနှစ်ပိုင်း စားသုံးဆီလောကတွင် ဝေဖန်ရေးသား ပြောဆိုမှုများပြားနေဆဲဖြစ်သည်။ ဝင်ငွေနည်းစားသုံးသူများမှာ ဝင်ငွေနှင့်အလှမ်းကွာဈေးမြင့်နေသော ပဲဆီ၊ နှမ်းဆီတို့အစား ကျမ်းမာရေး ရှုထောင့်မှကြည့်လျှင် ကျန်းမာရေးနှင့်ညီညွတ်မှုအားနည်းသည်ဟုဆိုသော စားအုန်းဆီကိုသာ ဝယ်ယူစားသုံးနေရဆဲဖြစ်သည်။ ဆန်လိုအပ်နေသော စစ်ကိုင်းတိုင်းဒေသကြီးသည် ယခုနှစ်ပိုင်းများတွင် အခြားတိုင်းဒေသကြီးများသို့ ဆန်တင်ပို့နေရသော ဆန်အိုးကြီးဖြစ်လာသည်။ အလားတူ ဆီထွက်သီးနှံဖြစ်သော သီးနှံစိုက်ပျိုးမှုများသည့် မကွေးတိုင်းဒေသကြီးကို ဆီအိုးကြီးဖြစ်ရန်၊ တနင်္သာရီတိုင်းဒေသကြီးကို ဆီအုန်းစိုက်ခင်းများဖြစ်ရန် ဆောင်ရွက်နေသည်မှာ နှစ်အတန်ကြာသော်လည်း အောင်မြင်မှုသတင်းထွက်ပေါ်လာခြင်းမရှိသည်ကိုတွေ့မြင်ရသည်။

မြန်မာလူမျိုးတို့၏ ရှေးရိုးဆိုစကားတွင် ဆီကို ရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံစကားရပ်အတိုင်း ရှိခဲ့ရာ စားသုံးဆီအလျှံပယ်စားသုံးမှုများသော လူမျိုးဖြစ်ခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စားသုံးဆီကိုလူတစ်ဦးချင်း သုံးစွဲနှုန်းထက် မြန်မာနိုင်ငံတွင်မူ များစွာပိုများနေသည်ဟု အိမ်နီးချင်းနိုင်ငံအချို့တွင် ရွှေ့ပြောင်းလုပ်သားအဖြစ်သွားရောက်လုပ်ကိုင်ခဲ့သူများက ပြောဆိုသည်။ သို့သော်လည်း စားသုံးဆီဈေးနှုန်းမြင့်လာ၍ ယခင်ကာလ ဆီသုံးစွဲနှုန်းထက်ယခုကာလလျော့ကျလာသည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံရှိ လူတစ်ဦးချင်း ပျမ်းမျှစားသုံးဆီသုံးစွဲမှုမှာ တစ်နှစ်လျှင် ခြောက်ပိဿာဝန်းကျင်ရှိသည်ဟု ဆိုနိုင်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ပမှ စားအုန်းဆီမက်ထရစ်တန် စုစုပေါင်းခြောက်သိန်းကျော်ကို ရန်ကုန်ဆိပ်ကမ်းများမှ တင်သွင်းခဲ့သည်ဟုသိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စားအုန်းဆီ မက်ထရစ်တန်ချိန် ငါးသိန်းကျော် တင်သွင်းမှုရှိခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၂၃ရက် ဆီအသင်းကထုတ်ပြန်သော ပြည်ပမှစားအုန်းဆီတင်သွင်းခွင့်လျှောက်လွှာများအပေါ် ဆီအသင်းကထောက်ခံချက်ထုတ်ပေးသည့် အသိပေးခြင်းအကြိမ် ၅၁ ကြိမ်တွင် ကန်ဆီတင်သွင်းရန် လျှောက်ထားမှုမရှိဘဲ အသင့် ထုပ်ပိုးပြီးဆီသာ တန်ချိန် ၁၂၀၀၀ဝန်းကျင် တင်သွင်းရန် လျှောက်ထားမှုရှိသည်မှာ ထူးခြားဖြစ်စဉ် ဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ပြည်ပကတင်သွင်းလာသော စားအုန်းဆီ အရင်းဈေး ကျပ် ၁၅၅၀ ရှိပြီး ဈေးကွက်တွင် ရောင်းဈေး ကျပ် ၁၅၆၅ ရှိခဲ့သည်။ မတ်လ ၃၁ ရက်တွင်မူအရင်းဈေး ၁၆၁၄ ကျပ်ရှိချိန် D.O စာရွက်လက်ကားရောင်းဈေး ကျပ် ၁၈၀၀ အထိ ဈေးမြင့်တက်ခဲ့သည်။ ထိုနည်းတူ ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၆ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေး ၅၆၅ ဒေါ်လာ၊ တစ်ပိဿာအရင်းဈေး ၁၅၅၆ ကျပ်၊ D.O စာရွက်လက်ကားရောင်းဈေး ၁၅၉၅ ကျပ်သာရှိခဲ့သော်လည်း ပြည်ပကတင်သွင်းလာသော စားအုန်းဆီတင်သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းတွင်ဆီချရန် အခက်အခဲဖြစ်မှုနှင့်အတူ ဆီကန်များမှဆီထုတ်ယူရန် အခက်အခဲများရှိလာသည်ကိုအကြောင်းပြု၍ သုံးရက်အတွင်း ဩဂုတ်လ၉ ရက်တွင် တစ်ပိဿာအရင်းဈေး ၁၅၆၆ ကျပ်ဖြင့် ပြောင်းလဲမှုနည်းသော်လည်း ဆီဈေးကွက်တွင် တစ်ပိဿာလက်ကားဈေး ကျပ် ၁၉၀၀ အထိ ဈေးမြင့်တက်ခဲ့ဖူးသည်ဟု ဆီကုန်သည်တစ်ဦးကဆိုသည်။

၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်၊မေလဆန်းအထိ ပြည်တွင်း စားအုန်းဆီ ဈေးနှုန်းမှာ ကျပ် ၂၀၀၀ အထက်တွင်ရှိပြီး ၂၀၁၁ ခုနှစ်၊ မေ ၅ ရက် ရန်ကုန်ဆီဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းမဖွင့်ဘဲ ပြင်ပဈေးကွက်တွင် ကျပ် ၂၉၀၀ ဝန်းကျင်အထိ

ရောင်းချကြသည်။၎င်းကာလမှာပင် ပြည်ပက စားအုန်းဆီတင်သွင်းမှုကို ကန့်သတ်မှုရှိခဲ့သည်ကို ပယ်ဖျက်ပြီး ပြည်ပပို့ရန် ဝင်ငွေရှိသူတိုင်း လျှောက်ထား တင်သွင်းခွင့် စတင်ရရှိလာသည်။ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၇ ရက်မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်အထိ ရှစ်နှစ်ဝန်းကျင်ကာလအတွင်း ပြည်တွင်းစားအုန်းဆီ D.O ရောင်းဈေးနှုန်းသည် ကျပ် ၁၉၀၀ ထက်မမြင့်ခဲ့ဟု သိရသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်မှစ၍ ၂၃ ရက်အထိ အတွင်း၌မူ D.O စာရွက် လက်ကားတစ်ပိဿာရောင်းဈေး ကျပ် ၁၉၄၀ ၊ လက်ငင်းဆီ တစ်ပိဿာလက်ကားရောင်းဈေး ၁၉၆၅ ကျပ်သို့ ဈေးမြင့်တက်လာခဲ့သည်။ D.O စာရွက်ဈေးထက် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေးမှာ ဈေးမြင့်နေပြီး ဒီဇင်ဘာ ၂၃ ရက်တွင် အရင်းဈေး ၁၉၆၈ ကျပ်ရှိလာသည်။ ပြည်ပပို့ကုန်ရငွေလဲနှုန်းမှာ ၁၄၉၈ ကျပ်ထိ ကျဆင်းနေသည်။

သို့ဖြစ်ရာ ၂၀၁၉ ခုနှစ်၊ နှစ်ကုန်ပိုင်းကြက်သွန်ဈေးနှုန်း စံချိန်တင်မြင့်တက်ရာမှ တစ်ပိဿာ လက်ကားဈေး ကျပ် ၁၀၀၀ ဝန်းကျင်ဈေးကျလာချိန် စားအုန်းဆီဈေးနှုန်းမှာ ပြည်ပဈေးတက်ခြင်းကြောင့် ရှစ်နှစ်ကျော်ကာလအတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ပြန်လည်မြင့်တက်လာသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်,** http://htwettoe.com/article-details/news/8605129

## ကုန်စည်ပို့ဆောင်သူများ အခက်အခဲဖြစ်

တရုတ်နှစ်သစ်ကူးနီးလာပြီး ကုန်သွယ်မှုလျော့နည်းချိန် လမ်းလုံခြုံရေး စိုးရိမ်စရာများဖြစ်နေခြင်းက ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် စိန်ခေါ်မှုတစ်ခုဖြစ်နေကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်း (မူဆယ်)ဥက္ကဋ္ဌ ဦးဝင်း အောင်ခန့်ကပြောသည်။ ဇန်နဝါရီ ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းပေါ်တွင် ၁၂ ဘီး ကုန်တင် ယာဉ်တစ်စီး မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ "လုံခြုံမှုအားနည်းတော့ ကားပိုင်ရှင်တွေရော ကားသမားတွေပါ စိုးရိမ်နေကြတယ်"ဟု ဦးဝင်းအောင်ခန့်ကပြောသည်။

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး၏ အဓိကအသက်သွေးကြောဖြစ်ပြီး နေ့စဉ်ကုန်တင် ယာဉ် ၁၀၀၀ ကျော် အတက်၊ အဆင်း ပြုလုပ်နေသည်။လက်ရှိတွင် မြန်မာနိုင်ငံ အလယ်ပိုင်းမှ ဖရဲ၊ သခွားမွေး အထွက်များသည့်ကာလဖြစ်ပြီး မူဆယ်သို့ နေ့စဉ် သစ်သီးယာဉ် အစီးရေ ၄၀၀ ကျော် ဝင်နေသည်။ တရုတ်နှစ်ကူးနီးလာ၍ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် အဓိကစိုက်ပျိုးသော ဖရဲ၊ သခွား မွေးများကို ဈေးကောင်းပေးဝယ်သဖြင့်တင်ပို့မှုလည်း တိုးတက်နေကြောင်း မူဆယ်မြို့မှသစ်သီးကုန်သည်တစ်ဦးကပြောသည်။ လက်ရှိတွင် မူဆယ်ဈေးကွက်၌ ဖရဲတစ်တန်လျှင် ယွမ် ၂,၅၀၀ မှ ၄,၂၀၀ အကြား (ကျပ် ငါးသိန်းနှစ်သောင်းကျော် မှ ရှစ်သိန်းရှစ်သောင်းအကြား) ဈေးရရှိသည်ဟု ၎င်းကဆိုသည်။ ဖရဲ၊ သခွားကဲ့သို့ သစ်သီးတင်ပို့မှု မြင့်တက်နေသော်လည်း ဆန်၊ ပဲမျိုးစုံ၊ ရေထွက်ကုန်များ အပါအဝင် အခြားပို့ကုန်အများစုကို တရုတ်သို့ တင်ပို့မှုတုံ့ဆိုင်းနေသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် မန္တလေး-မူဆယ်လမ်းကြောင်းမှ ကုန်သွယ်မှုတန်ဖိုးသည် ပျမ်းမျှတစ်ရက်လျှင် ဒေါ်လာ ၁၅ သန်းကျော် ရှိနေသည်။ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုအပါအဝင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၈ ခုတွင် မူဆယ်၊ ရွှေလီနယ်စပ်လမ်းကြောင်းမှ ကုန်သွယ်မှုတန်ဖိုး အများဆုံးဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး စုစုပေါင်း၏ ကုန်သွယ်မှု တန်ဖိုးသည် ၈၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများသည် မန္တလေး-မူဆယ် ကုန်သွယ်ရေး လမ်းကြောင်းတွင်အရေးပါသည်။ လက်ရှိ အဆိုပါကုန်သွယ်မှုလမ်းကြောင်းတွင် ကုန်စည်ပို့ဆောင်ခများ လျော့ကျနေသည်။ မန္တလေးမှမူဆယ်သို့ ကုန်ပစ္စည်းတစ်တန်လျှင် ကျပ် ၂၂၀၀၀ မှ ၂၅၀၀၀ အကြားရှိပြီး မူဆယ်မှမန္တလေးသို့ ကျပ် ၄၅၀၀၀ ခန့်ဈေးရှိနေသည်။ အဆိုပါဈေးနှုန်းများက ပြီးခဲ့သည့်နှစ်များနှင့်နှိုင်းယှဉ်လျှင် ကုန်ပစ္စည်းတစ်တန်ပေါ်တွင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းခန့်ဈေးလျော့သည်ဟု မူဆယ်မြို့မှ ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

**Source:** https://7day.news/E1%80%BC

## ယခင်နှစ်က ကြက်သွန်ပျိုးပင်များပျက်စီးခဲ့၍ ယခုနှစ် ကြက်သွန်စိုက်နောက်ကျ



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဘူးရုံကျေးရွာအုပ်စု ဘူးရုံကျေးရွာတွင် ယခင်နှစ်က ကြက်သွန်ပျိုးထောင်ပျက်စီးခဲ့၍ ယခုနှစ် ကြက်သွန်စိုက်ချိန် နောက်ကျကြောင်း ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ကြက်သွန်စိုက်ပျိုးသူတစ်ဦးကပြောသည်။ "ကျွန်တော်တို့က ကြက်သွန်ကို စပါးရိတ်သိမ်းပြီးချိန်မှာ ထယ်ရေးပြင်ပြီး အကွက်ဖော်စိုက်ပျိုးတာပါ။ တချို့က ဥစိုက်တာပါ။ ကျွန်တော်တို့ကတော့ အပင်စိုက်တာပါ။ မနှစ်ကမိုးဖျက်လို့ သီတင်းကျွတ်လမှာ ပျိုးထောင်ခဲ့တဲ့ ပျိုးပင်တွေပျက်တော့ တန်ဆောင်မုန်းလမှ ပြန်ပြီး ပျိုးထောင်ခဲ့ရလို့ အခုကြက်သွန်စိုက်ပျိုးတာ နောက်ကျတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ကြက်သွန်ကို စက်ရေတွင်းတူးပြီး ရေသွင်းစိုက်ပျိုးတာပါ။ အခုလို စစိုက် တဲ့နေ့မှာ ရေသွင်းထား ပေးပြီးရင် ရက် ၂၀ လောက်ကြာမှ ရေထပ်သွင်း ပေးရပါတယ်"ဟု ဘူးရုံကျေးရွာရှိ ကြက်သွန်စိုက်ပျိုးသူ ကိုချိုတူးက ပြောသည်။

၂၀၁၉ ခုနှစ်အတွင်း ကြက်သွန်ပေါ်ချိန်၌ တစ်ပိဿာလျှင် ကျပ် ၄၅၀ သာရရှိခဲ့ပြီး နောက်ပိုင်းတွင် ကြက်သွန်ဈေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ကျော်သည်အထိ မြင့်တက်ခဲ့သော်လည်း ကိုယ်ပိုင်အရင်းအနှီးဖြင့် စိုက်ပျိုးသူများသာ အကျိုးအမြတ်ပိုရကြောင်းသိရသည်။

ကိုယ်ပိုင်ငွေဖြင့်မစိုက်ပျိုးနိုင်ဘဲ အကြွေးဖြင့်စိုက်ပျိုးသူများ ဈေးကောင်းရသည်အထိမစောင့်နိုင်ကြောင်း၊ ဘူးရုံ ကျေးရွာအနီးတစ်ဝိုက်တွင် ကြက်သွန်စိုက်ပျိုးသူ ၁၀၀ခန့်ရှိပြီး စုစုပေါင်းစိုက်ဧက ၂၀၀ ဝန်းကျင်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

**Source:** https://myanmar.mmtimes.com/news/133708.html

## တစ်နှစ်အတွင်း အစားအစာအုပ်စုကုန်ဈေးနှုန်း ခြောက်ရာခိုင်နှုန်းကျော်၊ အိမ်လခ ၃၁ ရာခိုင်နှုန်းကျော်၊ ကျန်းမာရေးကုန်ကျစရိတ် ကိုးရာခိုင်နှုန်းကျော်၊ ပညာရေးကုန်ကျစရိတ် လေးရာခိုင်နှုန်းကျော်မြင့်တက်




တစ်နှစ်အတွင်း အစားအစာအုပ်စု ကုန်ဈေးနှုန်း ခြောက်ရာခိုင်နှုန်းကျော်၊ အိမ်လခ ၃၁ ရာခိုင်နှုန်းကျော်၊ ကျန်းမာရေးကုန်ကျစရိတ် ကိုးရာခိုင်နှုန်းကျော်၊ ပညာရေးကုန်ကျစရိတ် လေးရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေအရသိရသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာအတွက် ထုတ်ပြန်ထားသော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း စိစစ်ချက်အရ ၂၀၁၈ ခုနှစ် နိုဝင်ဘာထက် အစားအစာအုပ်စု ၆ ဒသမ ၆၅ ရာခိုင်နှုန်း၊ ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု ၇ ဒသမ ၇၉ ရာခိုင်နှုန်း၊ အဝတ်အထည်အုပ်စု ၄ ဒသမ ၇၅ ရာခိုင်နှုန်း၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စု ၃၁ ဒသမ ၂၁ ရာခိုင်နှုန်း၊ အိမ်အသုံးအဆောင်ဈေးနှုန်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု ၆ ဒသမ ၄၃ ရာခိုင်နှုန်း၊ ကျန်းမာရေးအုပ်စု ၉ ဒသမ ၇၆ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေး အုပ်စု ၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု ၁၂ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပညာရေးအုပ်စု ၄ ဒသမ ၀၈ ရာခိုင်နှုန်း၊ ပြင်ပအစားအသောက် အုပ်စု ၆ ဒသမ ၃၂ ရာခိုင်နှုန်း၊ အထွေထွေကုန်ပစ္စည်းအုပ်စု ၉ ဒသမ ၁၄ ရာခိုင်နှုန်း၊ အစားအစာ မဟုတ် သော အုပ်စု ၁၁ ဒသမ ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း စိစစ်ချက်အရ ၂၀၁၈ ခုနှစ် နိုဝင်ဘာနှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင်ကျဆင်းခဲ့သည့် တစ်ခုတည်းသောကဏ္ဍမှာ ဆက်သွယ်ရေး အုပ်စုဖြစ်ပြီး ကျဆင်းမှုနှုန်းမှာ ၀ ဒသမ ၅၉ ရာခိုင်နှုန်းတို့ဖြစ်သည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် စားသုံးသူ ဈေးဆနှုန်း (CPI) ၁၆၁ ဒသမ ၂၆ ရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၈ ဒသမ ၂၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်း အဖွဲ့မှထုတ်ပြန်သည့် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေအရ သိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော ၂၀၁၉ ခုနှစ် နိုဝင်ဘာအတွက် တစ်နိုင်ငံလုံး၏ စားသုံးသူ ဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၇၃ ဒသမ ၉၃၊ အစားအစာမဟုတ်သောအုပ်စုအတွက် ၁၄၃ ဒသမ ၄၃ နှင့် အုပ်စုအားလုံးအတွက် ၁၆၁ ဒသမ ၂၆ ရှိပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာတွင် ဖြစ်ပေါ်ခဲ့သော စားသုံးသူ ဈေးဆနှုန်းနှင့် နှိုင်းယှဉ်ပါက ၈ ဒသမ ၂၆ ရာခိုင် နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယခင်နှစ်ကာလတူထက် စားသုံးသူ ဈေးဆနှုန်းမြင့်တက်လာခြင်းမှာ စားသုံးသူ ဈေးဆနှုန်း တွက်ချက်ရန် ကောက်ခံသည့် အုပ်စုအားလုံးတွင်ပါဝင်သည့် ကုန်ပစ္စည်းဈေးနှုန်းများ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၈ ခုနှစ် ဇွန်လမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလ အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့ သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကိုလေ့လာပါ က ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ၁၄၁ ဒသမ ၁၃ ရှိရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ၁၄၈ ဒသမ ၉၅ အထိမြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က သုံးသပ်တင်ပြထားသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် မူ မြန်မာကျပ်ငွေနှင့် အမေရိကန် ဒေါ်လာလဲလှယ်နှုန်းများကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်း၊ ဆန်သစ်ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများကျဆင်းခြင်း၊ ဆောင်းရာသီဖြစ်ခြင်းကြောင့် အသီးအနှံဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းများနှင့် ကုန်ခြောက် ပစ္စည်းဈေးနှုန်း များကျဆင်းလာခြင်းတို့ကြောင့်စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းခဲ့ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၌ နိုင်ငံခြားငွေလဲနှုန်းများ ဆက်တိုက်ကျဆင်းခဲ့သော်လည်း အသား၊ ငါးနှင့်ဥဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ရွှေဈေးနှုန်းများမြင့်တက်နေခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်း ပြန်လည်မြင့်တက်ခဲ့ရာ နိုဝင်ဘာလ အထိ ဆက်လက်မြင့်တက်နေသည်ကိုတွေ့ရကြောင်းသိရသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကို ကြည့်ပါက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီးသုံးမြို့ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင်ကျဆင်းနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြင့်တက်လျက်ရှိသည်။ နှစ်အလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့် အများဆုံး ပြောင်းလဲမှုဖြစ်ပေါ်နေပြီး ကချင်ပြည်နယ်တွင် ၂ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် အနည်းဆုံး ပြောင်းလဲမှုဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/154206

## ပွင့်ဖြူမြို့နယ် မုန်းချောင်းတစ်လျှောက် ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ တွက်ခြေကိုက်



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် ငှက်ပျောစိုက်တောင်သူများမှာ ဖီးကြမ်းငှက်ပျောများ ဈေးကောင်းရနေသဖြင့် ယခုလပိုင်းတွင် အဆင်ပြေတွက်ခြေကိုက် နေကြောင်း ငှက်ပျောစိုက်တောင်သူများထံမှသိရသည်။ "ကျွန်တော်တို့ မုန်းနားတစ်ဝိုက်က ကျေးရွာတွေမှာ လယ်ယာလုပ်ငန်းအပြင် ဥယျာဉ်ခြံမြေလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါတယ်။ ဥယျာဉ် ခြံတွေမှာ ငှက်ပျောကို အဓိကစိုက်ပျိုးကြပြီး ဖီးကြမ်း၊ ရခိုင်မျိုးတွေကို အဓိက စိုက်ကြတယ်။ ယခုလပိုင်း ဖီးကြမ်းငှက်ပျောတွေ အဝယ်လိုက်ပြီး ဈေးကောင်းရနေတော့ ခြံသမားတွေ အဆင်ပြေတွက်ခြေကိုက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် လက်ပံနွယ်ကျေးရွာနေ ငှက်ပျောစိုက်တောင်သူ ဦးကြည်သန်းကပြောသည်။ မုန်းချောင်းတစ်လျှောက်ရှိ မုန်းစလဲရွာ၊ ညောင်ပင်ဇောက်ရွာ၊ အင်းနက်ရွာ၊ ပေတောရွာ၊ ကျောင်းကုန်းရွာ၊ မလွှကုန်းရွာ၊ သစ်ပုတီးကုန်းရွာ၊ မင်းရွာ၊ လက်ပံနွယ်ရွာစသည့် ကျေးရွာများတွင် ဥယျာဉ်ခြံမြေအဖြစ် ငှက်ပျောကို အဓိကစိုက်ပျိုးကြကြောင်းသိရသည်။

ငှက်ပျောစိုက်ပျိုးရာတွင် တစ်ကျင်းတစ်ပင်၊ တစ်ကျင်းနှစ်ပင်တို့ဖြင့် စိုက်ပျိုးကြပြီး တစ်ကျင်းတစ်ပင် စိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောပင်အား သားတက်မထားတော့ဘဲ ငှက်ပျောတစ်ပင်လုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ပျိုးကြကာ တစ်ကျင်းလျှင် နှစ်ပင်စိုက်တောင်သူများကတော့ သားတက်ထားကာ စိုက်ပျိုးကြကြောင်း သိရသည်။
ယခုလို ကာလတွင် ငှက်ပျောပွဲစားများမှာ ငှက်ပျောခြံများသို့ လာရောက်ပြီး အခိုင်ပြတ်ဖြင့်လည်းကောင်း၊ ခြံပြတ်ဖြင့်လည်းကောင်း ဝယ်ယူကြသလို ဆိုင်ကယ်ဖြင့် မကွေး၊မင်းဘူးသို့ သယ်ယူရောင်းချသူများလည်းရှိ ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/133747.html

## မူဆယ်နယ်စပ်တွင် ကျွဲ၊ နွားများ ရောင်းဝယ်မှုအေးနေသည့်အတွက် ကုန်သည်များအခက်ကြုံ

မူဆယ်နယ်စပ်တွင် တရုတ်နှစ်သစ်ကူးနီးပြီဖြစ်သောကြောင့် ကျွဲ၊ နွားရောင်းဝယ်မှု အေးနေသည့် အတွက် ကျွဲ၊ နွားကုန်သည်များ အခက်ကြုံတွေ့နေရကြောင်းသိရသည်။ကျွဲ၊ နွားအရောင်းအဝယ်သမား များသည် မြန်မာဘက်မှ ကျွဲ၊ နွားများကို ဝယ်ယူစုဆောင်းပြီး ၁၂ ဘီးယာဉ်များဖြင့် တစ်စီးလျှင် ကျွဲ၊နွားအကောင်ရေ ၂၀ မှ ၂၅ ကောင်အထိ တင်ဆောင်ကာ မန္တလေးဘက်မှ မူဆယ်ဘက်သို့ ထွက်ခွာကြကြောင်း၊ မူဆယ်ဘက်သို့ မတက်ခင် ၁၆ မိုင်ဂိတ်နှင့် ရေပူစစ်ဆေးရေးဂိတ်များတွင် စစ်ဆေးမှုများပြုလုပ်ပြီး ထိုမှတစ်ဆင့် ကွတ်ခိုင်မြို့နယ်အတွင်း ပါကြူကျေးရွာအနီး တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်းတွင် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းကိုက်ညီမှု ရှိ/မရှိ စစ်ဆေးမှုများပြုလုပ်ခြင်း၊ အဆိုပါဌာနမှ ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက်များနှင့်အတူ ကျွဲ၊ နွားများတွင် နားကပ်များတပ်ဆင်ပေးပြီးမှသာ မူဆယ်ဘက်သို့ ဆက်လက်ထွက်ခွာခွင့်ပေးကြောင်းသိရသည်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများက ရောက်ရှိလာသည့်ကျွဲ၊ နွားကားများကို စစ်ဆေးမှုများ၊လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများအားလုံး မှန်ကန်မှု ရှိ/မရှိ ဆက်လက်စစ်ဆေးပြီးမှသာအခွန်ဆောင်ခွင့်ပေးခဲ့ကြောင်းသိရသည်။ ထိုမှတစ်ဆင့် ကျွဲ၊ နွားများ တရုတ်နိုင်ငံဘက်သို့ ဆက်လက်ရောင်းချရန်အတွက် မူဆယ်မြို့နယ် အတွင်းရှိ ကျင်စန်းကျော့ လမ်းမဘေးရှိ တောင်ခြေများနှင့် ဟိုနောင်အထက်တုန်ခန်၊ အောက်တုန် ခန်၊ ပန်ဆိုင်း(ကြူကုတ်) အနီး နမ့်တောင်း၊ ခါးလျှန်၊ ပေါင်းရာ၊ လုံခန် စသည့်ကျေးရွာများမှ ခြံပိုင်ရှင် မြေပိုင်ရှင်များထံမှ မြေကွက်များကိုငှားရမ်းပြီး ကျွဲ၊ နွားများကို ထိန်းသိမ်းထားပြီးမှသာ အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါကျွဲ၊ နွားအရောင်းအဝယ်သည် ယခုအခါ ကီလိုနှင့် ရောင်းဝယ်ကြပြီး တစ်ကောင်လျှင် အနည်းဆုံး ငွေကျပ် ၁၈ သိန်းမှ ၂၂ သိန်း ဝန်းကျင်အထိရရှိသည်။ “ ဖြစ်နိုင်ရင် ကျွန်တော်တို့က တရားဝင်လမ်းကြောင်း ကလာပြီး သူတို့ဘက်က တရားဝင်လမ်းကြောင်းကနေ တင်ပို့ခွင့်ရရှိကြမယ်ဆိုရင် နွား အရောင်းအဝယ်က ဒီထက်မက အရောင်းအဝယ်သွက်ပြီး ဈေးလည်းပိုပြီး ရရှိကြမယ်လို့ထင်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံအနေနဲ့ MoU လက်မှတ်ရေးထိုးပေးပြီး တင်ပို့ခွင့်ပြုပေးဖို့အတွက် ကျွန်တော်တို့ ကျွဲ၊ နွားကုန်သည်တွေအနေနဲ့ မျှော်လင့် စောင့်ဆိုင်း နေပါတယ်”ဟု ကုန်သည်တစ်ဦးက လက်ရှိအခြေအနေအားပြောသည်။ မူဆယ်နယ်စပ်တွင် တရုတ်နှစ်သစ်ကူးလ ဖြစ်သည့် အတွက် ကျွဲ၊ နွားအရောင်းအဝယ်အေးနေပြီး အရောင်းအဝယ်မဖြစ်သောကြောင့် ကျွဲ၊ နွားကုန်သည်များသည် ကျွဲ၊ နွားများ နေထိုင်ရေး ခြံမြေ၊ တောင်ယာများ ငှားရမ်းခ၊ နွားထိန်းသိမ်းခ၊ အလုပ်သမားခ၊ အစာဖိုး၊ ကျွဲ၊ နွား ကျန်းမာရေး၊ ကုန်သည်များ၊ အလုပ်သမားများ စားသုံး စရိတ်စသည်ဖြင့် ကုန်ကျစရိတ်များရှိနေသောကြောင့် အခက်အခဲများနှင့်ကြုံတွေ့နေရသည်။ ကျွဲ၊ နွားများကို ပြောင်းဖူးဖတ်၊ ကြံဖတ်၊ ကောက်ရိုး၊ မြက်ခြောက်၊ ဖွဲနုများကျွေးမွေးရပြီး နွားတစ်ကောင်၏ ကျွေးမွေးစရိတ် သည်တစ်ရက်လျှင် အနည်းဆုံးငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိရှိနေပြီး မူဆယ်မြို့နယ်အတွင်းက နွားခြံ၊ နွားကွင်းများ၌ ကျွဲ၊ နွားအကောင်ရေ ခန့်မှန်း ၃၀၀၀ လောက်ကျန်ရှိနေသေးကြောင်း နွားကုန်သည်များ၏ ပြောပြချက်အရသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ရောဝတီမြစ်အတွင်း ရွှေသတ္တုများတူးဖော်နေခြင်းကို စစ်ဆေးမှုများပြုလုပ်

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ပေသောင်ရွာအထက်ဘက် ရောဝတီမြစ်အတွင်း ရွှေတူးဖော်နေခြင်းကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ရေမြစ်ဖြိုးဦးစီးဌာနနှင့် မြို့နယ်ထွေ/အုပ်တို့မှ တာဝန်ရှိသူများသွားရောက်

စစ်ဆေးခဲ့ကြောင်း တိုင်းရေမြစ်ဖြိုးဦးစီးမှူး ဦးကျော်မြင့်သန်းကပြောသည်။ အဆိုပါ ရွှေသတ္တုတူးဖော်နေမှုနှင့်ပတ်သက်ပြီး လူမှုကွန်ရက်တွင်ပျံ့နှံ့ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက သပိတ်ကျင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းရေမြစ်ဖြိုးဦးစီးဌာနတို့အား သွားရောက်စစ်ဆေးမှုများလုပ်ဆောင်ရန် ဇန်နဝါရီ ၁၃ ရက်တွင် တာဝန်ပေးအပ်ခဲ့သည်။ "သွားရောက်စစ်ဆေးနေတာကြောင့် စစ်ဆေးမှုရလဒ်မသိရသေးဘူး။ ဒါကို ကျွန်တော်တို့နဲ့ သပိတ်ကျင်းက တာဝန်ရှိသူတွေ သွားရောက်စစ်ဆေးနေပါတယ်။ စစ်ဆေးမှုရလဒ်တွေကို တိုင်းအစိုးရထံ တင်ပြရပါမယ်။ စစ်ဆေးတွေ့ရှိမှုတွေအရ ရေမြစ်ဖြိုးဥပဒေအတိုင်း ဆက်လက်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်"ဟု ဦးကျော်မြင့်သန်းက ပြောသည်။

မြစ်ချောင်းများအတွင်း ရွှေသတ္တုတူးဖော်ခြင်းနှင့်ပတ်သက်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ အခန်း(၅) ပုဒ်မ ၁၃ အရ တားဆီးမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ထိုသို့တူးဖော်နေခြင်းကို မြို့နယ်တာဝန်ရှိ ပုဂ္ဂိုလ်များက အရေးယူဆောင်ရွက်သင့်ကြောင်း လူမှုကွန်ရက်တွင် ဇန်နဝါရီ ၁၂ ရက်က ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။ "ဒီမှာ လုပ်နေသူတွေက ဒေသခံတွေလည်းပါမယ်။ အရင်နှစ်ကလည်း ကျွန်တော်တို့ တိုင်ကြားစာပို့ခဲ့သေးတယ်။ အခုလည်း ဖွေ့စ်ဘွတ်ခ်မှာ ပျံ့နှံ့နေတယ်။ ခုတွေ့ရတဲ့တူးဖော်နေတာတွေက တစ်လခွဲလောက်ပဲရှိပြီထင်ပါတယ်။ တိုင်ကြားမှုတွေလုပ်တယ်။ လာရောက်စစ်ဆေးချိန်မှာ မရှိတော့ဘူး။ ဒါမျိုးတွေမဖြစ်ဖို့တော့လိုတယ်"ဟု စိမ်းစိုအဖွဲ့(သပိတ်ကျင်းမှ) အဖွဲ့ဝင်တစ်ဦးကပြောသည်။ လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည့် ရွှေသတ္တုတူးဖော်မှုများအရ စက်အလုံးပေါင်း ၃၀ ခန့်ရှိနိုင်ပြီး ထိုသို့ မြစ်အတွင်းပြုလုပ်ခြင်းသည် ရွှေတူးဖော်သည့် ဓာတုပစ္စည်းများမှတစ်ဆင့် ရေဝတီမြစ်ရေသန့်စင်မှုကို ထိခိုက်မှုရှိခြင်းကြောင့် ထိရောက်စွာတားမြစ်ရေးကို လုပ်ဆောင်သင့်ကြောင်း သဘာဝပတ်ဝန်းကျင်ချစ်သူများက သုံးသပ်ကြသည်။

**Source:** https://myanmar.mmtimes.com/news/133762.html

## မြန်မာပါဝင်တဲ့ CLMVI ဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံမယ့် ထိုင်းလုပ်ငန်းရှင်တွေကို TOISC ကသင်တန်းပေး

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ အင်ဒိုနီးရှား (CLMVI)ဈေးကွက်တွေနဲ့ တောင်အာရှ ဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အရေးတွေ ရှာဖွေနေတဲ့ ထိုင်း ရင်းနှီးမြှုပ်နှံသူတွေကို ထိုင်း နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုပံ့ပိုးရေး စင်တာ (TOISC) က အထူးထရိန်နင်သင်တန်းတစ်ခု ပို့ချခဲ့တယ်လို့သိရပါတယ်။ အထက်ပါဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံမယ့် ထိုင်းလုပ်ငန်းရှင်တွေကို သက်ဆိုင်ရာဈေးကွက်တွေနဲ့ပတ်သက်လို့ သိထားရမယ့်အကြောင်းအရာတွေ၊ ကြုံတင်ပြင်ဆင်ထားရမယ့် ကိစ္စတွေနဲ့ပတ်သက်ပြီး TOISC က ပို့ချခဲ့တာ ဖြစ်တယ်လို့ဆိုပါတယ်။

လက်ရှိကာလမှာ ဆိုရင် CLMVI နိုင်ငံတွေနဲ့ တောင်အာရှ နိုင်ငံတွေကရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အခွင့်အလမ်းတွေနဲ့ပတ်သက်လို့ စိတ်ဝင်စားနေတဲ့ ထိုင်း ရင်းနှီးမြှုပ်နှံသူ အများအပြား ရှိနေတယ်ဆိုပြီး ထိုင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနရဲ့ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ ဒါရိုက်တာ Punlop Punyasiri က ပြောသွားပါတယ်။ ထိုင်း ရင်းနှီးမြှုပ်နှံသူတွေစိတ်ဝင်စားတဲ့ အဓိကလုပ်ငန်းတွေထဲမှာတော့ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ စိုက်ပျိုးထွက်ကုန်ထုတ်ပိုးရေးနဲ့ စွမ်းအင်စတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။" ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားကတော့ ထိုင်းရင်းနှီးမြှုပ်နှံ သူတွေ စိတ်ဝင်စားမှုအရှိဆုံး ဈေးကွက်တွေဖြစ်ပါတယ်၊ အဲဒီနောက် မြန်မာနဲ့ လာအိုတို့လည်းရှိနေပါတယ်" ဟု Punlop Punyasiri က ပြောသွားပါတယ်။

**Source:** https://www.nationthailand.com/news/30380416?utm_

**SFJ Strategy First Journal**

## ဘတ်ငွေတန်ဖိုးမြင့်တက်မှုကို ထိုင်းဗဟိုဘဏ်စောင့်ကြည့်နေ

နှစ်သစ်ကူး အားလပ်ရက်များတိုင်မီ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာကို ဘတ် ၃၀ နှန်းဖြင့် ဘတ်ငွေတန်ဖိုး မြင့်တက်လာပြီးနောက်ပိုင်း ဘတ်ငွေတန်ဖိုးမြင့်တက်လာသည်ကို အနီးကပ်စောင့်ကြည့်နေကြောင်း ထိုင်းဗဟိုဘဏ်ကပြောသည်။ သို့ရာတွင် ဘတ်ငွေတန်ဖိုးသည် ဇန်နဝါရီ ၂ ရက်တွင် တန်ဖိုးကျ

ဆင်းပြီး ငွေဖြစ်လွယ်မှုအခြေအနေမှာ ပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိသည်ဟု ဗဟိုဘဏ်ကပြောကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ ဈေးကွက်က အခြေအနေကိုထိန်းညှိနေချိန်မှာ ဘတ်ငွေတန်ဖိုးက အတက်အကျ ရှိနေဦးမှာပါ။ ဗဟိုဘဏ်က ဘတ်ငွေကိုအနီးကပ်စောင့်ကြည့်နေမှာပါဟု ဗဟိုဘဏ်ဒုတိယအုပ်ချုပ်ရေးမှူး ဇာချီရာ အရွမ်မ်ဒီး၏ကြေညာချက်တွင်ဖော်ပြသည်။

ဘတ်ငွေတန်ဖိုးသည် ဒီဇင်ဘာ ၃၀ ရက်က အမေရိကန်တစ်ဒေါ်လာကို ၂၉ ဒသမ ၉၁ ဘတ် နှုန်းဖြင့် ခြောက်နှစ်အတွင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၅ ဒသမ ၂၈ မိနစ်တွင် တစ်ဒေါ်လာကို ၃၀ ဒသမ ၁၀ ဘတ်နှုန်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ နှစ်သစ်ကူးအားလပ်ရက်အဖြစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်တို့တွင် ဈေးပိတ်သည်။ တိုင်းပြည်၏ ငွေပေးငွေယူရှင်းတမ်းကို ငွေမြင့်မားသဖြင့် ၂၀၁၉ ခုနှစ်အတွင်း ဘတ်ငွေတန်ဖိုးသည် ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် အာရှတွင်စွမ်းဆောင်ရည် အကောင်းဆုံးငွေကြေးဖြစ်ခဲ့သည်။ နှစ်အကုန်တွင် ဘတ်ငွေတန်ဖိုး အတက် အကျဖြစ်ခြင်းမှာ ဈေးကွက်အခြေခံသဘောတရား များနှင့် ကိုက်ညီမှုမရှိ ဘဲငွေဖြစ် လွယ်မှုကျဆင်း ချိန်တွင် နှစ်အကုန်ငွေ အထုတ်အသွင်းများဖြစ်ကြောင်း ဗဟိုဘဏ်ကပြောသည်။

ဇန်နဝါရီ ၂ ရက်က ငွေဖြစ်လွယ်မှုအခြေအနေမှာ အခက်အခဲရှိနေဆဲဖြစ်သည်။ သို့ရာတွင် ပုံမှန်အနေအထားသို့ ပြန်ရောက်မည်ဆိုပါက အာရှငွေကြေးများအပေါ်တွင် ရင်းနှီးမြှုပ်နှံသူတို့က ယုံကြည်မှုမြင့်မားနေချိန်ဖြစ်သဖြင့် ဘတ်ငွေ တန်ဖိုးသည် တစ်ဒေါ်လာ ဘတ် ၃၀ အမှတ်အသားကိုကျော်ဖြတ်ပြီး ဘတ်ငွေတန်ဖိုးပြန်မြင့်တက်နိုင်သည်။ ဘတ်ငွေတန်ဖိုး သည် ဆက်လက်မြင့်မား လျက်ရှိနေပြီး အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် တစ်ဒေါ်လာကို ၂၉ ဒသမ ၈ဘတ်နှုန်းကို ရောက်နိုင်ကြောင်း အယုဒ္ဓာဘဏ်၏ ကမ္ဘာ့ဈေးကွက်သုတေသနအကြီးအကဲ ရွှန်းစံဂူအမ်ရွှအမ်ကပြောသည်။

**Source: commerce.gov.mm**

**SFJ Strategy First Journal**

## တရုတ် ဈေးကွက်မှာ Ford ရဲ့ ကားရောင်းအား ၃ နှစ်ဆက်တိုက်ကျဆင်း

တရုတ် ကားဈေးကွက်ထဲမှာ Ford Motor Co ရဲ့ ကားရောင်းချရမှုနှုန်းဟာ သုံးနှစ်ဆက်တိုက် ကျဆင်းသွားခဲ့တယ်လို့ သိရပါတယ်။ကုမ္ပဏီအတွက် ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်တဲ့ တရုတ်မှာ ပြီးခဲ့တဲ့ နှစ်က ကားရောင်းချရမှုပိုင်းမှာ ၂၆ ဒသမ၁ ရာခိုင်နှုန်းကျသွားတယ်လို့ Ford က ပြောပါတယ်။

အဆိုပါ အမေရိကန် ကားကုမ္ပဏီဟာ ပြီးခဲ့တဲ့စတုတ္ထသုံးလပတ်အတွင်း တရုတ်ဈေးကွက်ထဲကို ကားစီးရေ ၁၄၆,၄၇၃ စီး ပေးပို့ရောင်းချခဲ့ရရာမှာတော့တစ်နှစ်ထက်တစ်နှစ် ၁၄ ဒသမ ၇ ရာခိုင်နှုန်း ကျသွားခဲ့ပါတယ်။ ၂၀၁၉တစ်နှစ်တာလုံး အတိုင်း အတာအားဖြင့်ကတော့ Ford ဟာ ယင်းဈေးကွက်မှာ ကားစီးရေပေါင်း ၅၆၇,၈၅၄ စီး ရောင်းချခဲ့ရပါတယ်။ Ford အနေနဲ့ကတော့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းလောက်ကစလို့ လုပ်ငန်းတွင်း ကျဆင်းမှုတွေ စဖြစ်ခဲ့ပြီးနောက် တရုတ် ဈေးကွက်မှာ ရောင်းအားတွေ ပြန်တက်နိုင်ဖို့ ကြိုးပမ်းနေလျက်ရှိတာဖြစ်ပါတယ်။

**Source:** https://www.channelnewsasia.com/.../ford-s-china-vehicle-sale...

SFJ Strategy First Journal

## တရုတ်မှာ iPhone ရောင်းအား တကျော့ပြန် အားကောင်းလာနေ

တရုတ်မှာ iPhone ဝယ်လိုအားဟာ တကျော့ပြန် အားပြန်ကောင်းမွန်လာနေတဲ့ အခြေအနေ မြင်တွေ့ရလျက် ရှိတယ်လို့ သိရပါတယ်။ ဒါဟာ အဆိုပါ တရုတ်ဈေးကွက်မှာ ကြီးမားတဲ့ နေးကွေးမှုတွေ ကြုံနေရပြီ ဆိုပြီး Apple ကုမ္ပဏီဘက်က ရင်းနှီးမြှုပ်နှံသူတွေကို သတိပေးခဲ့ပြီးနောက် တစ်နှစ်အကြာမှာပဲ ခုလို iPhone ရောင်းအား ပြန်အားကောင်းလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလတုန်းက တရုတ်ဈေးကွက်အတွင်း Apple ကုမ္ပဏီရဲ့ iPhone

ရောင်းအားဟာ ယခင်အစောပိုင်းနှစ် အလားတူလကထက် ၁၈ ရာခိုင်နှုန်းအထိ တက်လာခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ Wall Street က ကနဦးပိုင်းအတွင်း ခန့်မှန်းထားချက်တွေထက် ပိုမိုသာလွန်တဲ့ ရလဒ်လည်းဖြစ်ပါတယ်။

အဆိုပါ လအတွင်း Apple ဟာ တရုတ်ဈေးကွက်ကို iPhone အလုံးပေါင်း ၃ ဒသမ ၂ သန်း တင်ပို့ရောင်းချခဲ့ရပြီး ယခင် ၂၀၁၈ ဒီဇင်ဘာတုန်းက အလုံးရေ ၂ ဒသမ ၇ သန်းထက် သာလွန်များပြားနေတာဖြစ်ပါတယ်။

**Source:** https://edition.cnn.com/.../tech/iphone-china-sales/index.html

SFJ Strategy First Journal

## ထိုင်းအစိုးရအနေဖြင့် ဒေသတွင်းလမ်းများအတွက် ချေးငွေဘတ် (၈.၅)ဘီလီယံ ထုတ်ချေးမည်

ထိုင်းနိုင်ငံအနေဖြင့် နောက်နှစ်တွင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့အား အာဆီယံ ဆက်သွယ်ချိတ်ဆက်မှု အစပျိုး အစီအစဉ်အောက်တွင် နိုင်ငံဖြတ်ကျော် လမ်းသစ်လေးခုတည်ဆောက်ရန်အတွက် ဘတ်ငွေ(၈.၅)ဘီလီယံကို ထုတ်ချေးရန် လျာထားပါသည်။ အဆိုပါချေးငွေကိစ္စနှင့်ပတ်သက်၍ အစိုးရအဖွဲ့သို့ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုပေးရန်တောင်းဆိုလိမ့်မည်ဖြစ်ကြောင်း၊ လေ့လာသူများက ခပ်မြန်မြန်တိုးတက်လျှက်ရှိသော မြန်မာနှင့်ကမ္ဘောဒီးယား နိုင်ငံများသည် ကြီးမားသောကြွေးမြီများနှင့် ဝိနေကြသူများမဟုတ်ကြောင်းနှင့် အဆိုပါအစီအစဉ်နှင့် လိုက်လျောညီထွေ ရှိသင့် သည်ဟုပြောကြားကြပါသည်။ လမ်းတစ်ခုချင်းစီ၏အတိုးနှုန်းမှာ (၀.၁%)သာ ပုံသေသတ်မှတ်ထားသည်ဟု အိမ်နီးချင်း နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအကြီးအကဲ Perames Vudthitornetiraks က ပြောကြားခဲ့ပါသည်။ ဗန်ကောက်အနေဖြင့် စီမံကိန်းများအား မဟာမဲခေါင်ဒေသခွဲတိုးမြှင့်ရေးကို အထောက်အကူပြုစေ လိုကြောင်းလည်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင်ဘတ်ငွေ (၄) ဘီလီယံတန်ဖိုးရှိ (၁၃၈)ကီလိုမီတာ ရှည်လျားသည့် လမ်းကို ထားဝယ်အထူး စီးပွားရေး ဇုန်နှင့် ကန်ချနခ့ဘူရီရှိ တမ်ဘွန်နန်ဖူရမ် ( Tombon Namphuron) တို့ကို ဆက်သွယ်လိမ့်မည်ဖြစ်ပြီး မြန်မာအစိုးရအနေဖြင့် အဆိုပါလမ်းကြောင်းကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် စိတ်အားထက်သန်လျှက်ရှိပါသည်။ နေပြည်တော် အနေဖြင့် ဤလမ်းကို ထိုင်းနိုင်ငံနှင့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်းကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင် ဦးရွက်ပြုမှု အစီအစဉ်အနီးတစ်ဝိုက်ရှိ နိုင်ငံများအကြားချိန်ဆက်ရန်(သို့မဟုတ်) BIMSTEC နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းမှ တစ်ဆင့်ချိတ်ဆက်အသုံးပြုရန်မျှော်မှန်းထားပါသည်။

ဗန်ကောက်အနေဖြင့်လည်း ကန်ချနဘူရီအား မြန်မာနိုင်ငံအတွက် အရေးကြီးသောတံခါးပေါက်အဖြစ်ရှုမြင်ပါသည်။ ယခုလက်ရှိအားဖြင့် အရှည်(၉၆) ကီလိုမီတာရှည်သော ကားလမ်းသစ်ကို တည်ဆောက်နေပြီး ၎င်းမှာနွန်သာဘူရီ (Nonthaburl) ၏ ဘန်ယိုင်း (Bang Yai) ခရိုင်နှင့် ၎င်း၏ အနောက်ပိုင်းပြည်နယ်ကို ဆက်သွယ်ထားပါသည်။ နောက်ထပ် ချေးငွေတစ်ခုမှာ ထိုင်းနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ (၁၃၁) ကီလိုမီတာ ရှည်လျားသော လမ်းဖေါက်လုပ်ရန် ကမ္ဘောဒီးယား အတွက် ဘတ်ငွေ (၁.၂) ဘီလီယံ ဖြစ်ပါသည်။ အဆိုပါ လမ်းကြောင်းမှာ Anlong Veng ခရိုင်အပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ အဓိကနေရာများကို ဖြတ်သန်းသွားမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ Bueng Kan နှင့် လာအိုနိုင်ငံရှိ Bolikhamsal ပြည်နယ်များကိုဆက်သွယ်ထားသော ပဥ္စမမြောက် ထိုင်း-လာအို ချစ်ကြည်ရေးတံတားဆောက်လုပ်ရေးကို လည်း အစိုးရအနေဖြင့် ငွေကြေးထောက်ပံ့ရန်စီစဉ်နေပါသည်။ လာအိုဘက်ခြမ်းတွင် တံတားတစ်စင်းတည်ဆောက်ရန် ဘတ်ငွေ(၁.၃) ဘီလီယံခန့် သုံးစွဲလိမ့်မည်ဖြစ်ပါသည်။ လာအိုနိုင်ငံတွင် နောက်ထပ်လမ်းစီမံကိန်းတစ်ခုမှာ ဘတ်ငွေ(၂) ဘီလီယံတန်ဖိုးရှိ (၁၄၇)ကီလိုမီတာရှည်သောလမ်းဖြစ်ပါသည်။ ၎င်းသည် Nakhon Phanom မှ စတင်မည်ဖြစ်ပြီး Thakhek မြို့ကိုဖြတ်၍ ဗီယက်နမ်၏မြို့တော်ဟနွိုင်း (Hanoi) သို့ ရောက်ရှိမည်ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဗန်ကောက်**

## ကန်-တရုတ် ကုန်သွယ်ရေးစစ်ကြောင့် ဗီယက်နမ် အမြတ်ထွက်

ဗီယက်နမ်နိုင်ငံဟာ ၂၀၂၀ ခုနှစ်ထဲ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ စီးပွားရေးအလျှင်မြန်ဆုံး တိုးတက်လာလိမ့်မယ်လို့

ဗြိတိသျှပိုင် HSBC ဘဏ်အုပ်စုက ခန့်မှန်းထားပါတယ်။ တရုတ်နဲ့အမေရိကန်တို့ ကုန်သွယ်ရေးစစ်ဖြစ်နေချိန်မှာ ဗီယက်နမ်က ကြားကနေ အကျိုးအမြတ်တွေရခဲ့တာဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းကြောင့်ရော ပို့ကုန်တွေကြောင့်ပါ ဒီနှစ်ထဲတိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း ၇ ရာခိုင်နှုန်းအထိဖြစ်ခဲ့တယ်လို့ HSBC စီးပွားရေးပညာရှင် Yun Liu က ပြောပါတယ်။ ဒါပေမယ့် ဗီယက်နမ်ဟာ ကုန်သွယ်ရေးအကာကွယ်ပေးမှုနဲ့ ငွေဖောင်းပွမှုမှာ စီးပွားရေးအန္တရာယ်ဆက်ရှိနေဆဲပဲလို့သူကဆိုပါတယ်။ တိုင်းပြည်မှာ ဝက်တုတ်ကွေးအန္တရာယ်ကြောင့် ဝက်သားဈေးမြင့်ပြီး ငွေဖောင်းပွမှု တိုးလာတာက လူဦးရေ သန်း ၁၀၀ နီးပါးရှိတဲ့ ဗီယက်နမ်မှာ စားသုံးကုန်ပစ္စည်းတခုအပေါ် စီးပွားရေးကတည်မှီနေတယ်ဆိုတာကို ပြသနေရာရောက်တယ်လို့ဆိုပါတယ်။

ဒါ့အပြင် အရှေ့အလယ်ပိုင်းဒေသတင်းမာမှုကြောင့် လောင်စာဆီဈေးမြင့်လာခဲ့ရင် ပြည်တွင်းမှာငွေကြေးဖောင်းပွမှု ကြုံလာမှာကိုလည်း ဗီယက်နမ်တွေ စိုးရိမ်နေကြပါတယ်။ ကွန်မြူနစ်တိုင်းပြည်တခုဖြစ်တဲ့ ဗီယက်နမ်ရဲ့ စီးပွားရေးတိုးတက်မှု ဟာ ချီးကျူးစရာကောင်းပြီး ရှေ့နှစ်ထဲမှာလည်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်းဟာ အခြားစီးပွားရေးဖွံ့ဖြိုးမှုမြန်တဲ့ မြန်မာ၊ ဖိလစ်ပိုင်နဲ့ အခြား အာဆီယံနိုင်ငံတွေလိုပဲ ၇ ရာခိုင်နှုန်းလောက်မှာ ဆက်ရှိနေဦးမယ်လို့ စီးပွားရေးပညာရှင် Liu က ခန့်မှန်းပါတယ်။

**Source:** VOA (Burmese) , https://burmese.voanews.com

## STOCK EXCHANGE (14.1.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,000 | 11,500 | 11,000 | 2,148 | 24,488,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 12,198 | 46,962,300 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,000 | 42 | 336,700 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 955 | 21,487,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,700 | -150 | -5.26% | 2,900 | 2,900 | 2,700 | 1,386 | 3,852,600 | 12,823,224 | 34,623 |


### Market summary

As of 14th Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 464.59 | -1.40 | -0.30% | 456.56 | 464.76 | 455.62 | 16,729 | 97,127,600 | 5 | 636,166 |

**Index chart**



# Market Overview

As of 1:00 pm, 14th Jan. 2020

| MYANPIX | 464.59 ▼ 1.40 |
|---|---|
| Total Volume (shares) | 16,729 |
| Total Value (MMK) | 97 mil |
| Listed Company | 5 |
| Market Cap. (MMK) | 636,166 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 150 |

TIR